# ကာကွယ်ရေးဝန်ကြီးဌာန

## စစ်ရေးသတင်းအကျဉ်းချုပ်

Date – 12/3/2022

## စစ်ကောင်စီနှင့်တိုက်ပွဲဖြစ်ပွားမှု

### ကချင်ပြည်နယ်

မတ်(၁၂)ရက်နေ့မနက်(၉)နာရီခန့်က မံစီမြို့နယ်၊ ဇွပ်ဂျာကျေးရွာအနီးတွင် စကစတပ် ခလရ(၁၂၁)နှင့် တပ်မ(၈၈)အဖွဲ့ အင်အား(၁၀၀)ကျော်နှင့် ပြည်သူ့ကာကွယ်ရေးတပ်ပေါင်းစုများကြား တိုက်ပွဲဖြစ်ပွားခဲ့ပြီး ထိခိုက်ကျဆုံးမှုကို စုံစမ်းနေဆဲဖြစ်ကြောင်း သိရသည်။

### ကရင်ပြည်နယ်

- မတ်(၁၂)ရက်နေ့မနက်(၆)နာရီခန့်က မြဝတီခရိုင်၊ KNUတပ်မဟာ(၆)နယ်မြေ၊ ကော့ကရိတ်-မြဝတီ လမ်းကြောင်း၊ အာရှလမ်းမကြီးတွင် စကစတပ်နှင့် KNLA၊ KNDO၊ PDFတို့ ပြင်းထန်စွာ တိုက်ပွဲ ဖြစ်ပွားခဲ့သည်။
- မတ်(၁၁)ရက်နေ့ညနေပိုင်းက ကော့ကရိတ်မြို့နယ်၊ တောင်ကြာအင်းကျေးရွာတွင် စကစတပ်နှင့် KNLAပူးပေါင်းအဖွဲ့ကြား ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီး စကစတပ်သား(၅)ဦးသေဆုံးကာ ပြည်သူ့ကာကွယ် ရေးတပ်သားတစ်ဦး ဒဏ်ရာရရှိခဲ့သည်။

### ကရင်နီ(ကယား)ပြည်နယ်

မတ်(၁၂)ရက်နေ့မနက်(၄)နာရီခန့်က ဒီးမော့ဆိုမြို့နယ်၊ ကုန်းသာကျေးရွာတွင် စကစတပ်သား အင်အား (၃၀၀)ကျော်ဖြင့် စစ်ကြောင်းထိုးလာသည့်အဖွဲ့နှင့် DMO-LOCAL PDFကင်းထောက်အဖွဲ့တို့ ထိပ်တိုက် ထိတွေ့တိုက်ပွဲ ဖြစ်ပွားခဲ့သည်။

### ချင်းပြည်နယ်

မတ်(၁၂)ရက်နေ့မနက်(၆)နာရီခန့်က ဖလမ်းမြို့နယ်၊အိန္ဒိယ-မြန်မာနယ်စပ်၊ရိခေါ်ဒါရ်မြို့ အမှတ်(၂)ရပ်ကွက် ရှိ စကစတပ်စခန်းကုန်းကို CNDFမှ ဝင်ရောက်တိုက်ခိုက်ရာ စကစအရာရှိ(၁)ဦး အပါအဝင် (၃)ဦး သေဆုံး ခဲ့ကြောင်း သိရသည်။

### စစ်ကိုင်းတိုင်း

မတ်(၁၁)ရက်နေ့ည(၉)နာရီခန့်က မြောင်မြို့နယ်၊ မရိုးကုန်းကျေးရွာတံတားအနီးတွင် စကစတပ်သားများကို TGR ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (Myaung People`s Defense Force TGR)၊ Zamani Revolution Force (MMU)၊ စစ်ကိုင်းခရိုင်တပ်ရင်း(၁)၊ (CDSOM)မြောင်၊ 11brother Force (Myaung)တို့ ပူးပေါင်းပြီး လက်နက် ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ စကစတပ်သား (၃)ဦး သေဆုံးခဲ့သည်။

*မြေပြင်သတင်းတာဝန်ခံများနှင့် သတင်းဌာနများမှ ဖော်ပြလာသော အချက်အလက်များအပေါ် အခြေခံပြုစုထားသည်။*

# စစ်ကောင်စီကျူးလွန်သော ရာဇဝတ်မှုများ

## ကရင်ပြည်နယ်

မတ်(၁၂)ရက်နေ့မနက်(၈)နာရီခန့်က ကော့ကရိတ်-မြဝတီအာရှလမ်းမပေါ်တွင် မြဝတီဘက်သို့သွားနေသော (၁၂)ဘီးကား (၁)စီးကို စကစတပ်သားများမှ ပစ်ခတ်ရာ ကားမီးလောင်ပြီး ယာဉ်မောင်းသေဆုံးခဲ့ကြောင်း သိရသည်။

## မကွေးတိုင်း

မတ်(၁၂)ရက်နေ့က ပခုက္ကူမြို့နယ်၊ ပခုက္ကူမြို့၊ အာဇာနည်လမ်းတွင်နေထိုင်သူ မြန်မာ့ရှေ့ဆောင်ဘဏ် မန်နေဂျာ ဒေါ်ခင်နှောင်းနှောင်းကို NUG ၏ငွေတိုက်စာချုပ်များ ပြုလုပ်ပေးနေသည်ဟု စွပ်စွဲချက်ဖြင့် စကစ များက ဖမ်းဆီးသွားခဲ့ပြီး နေအိမ်ပါချိတ်ပိတ်ခံလိုက်ရသည်။

## မန္တလေးတိုင်း

- မတ်(၁၁)ရက်နေ့ညပိုင်းက မြင်းခြံမြို့နယ်၊မြင်းခြံမြို့၊နန်းမြင့်ကျေးရွာနှင့်ဘုရားလှကျေးရွာကြားတွင် အသက်(၃၀)ကျော်အရွယ် အလောင်း(၁)လောင်း၊ ဘုရားလှရွာနှင့်ဖက်တောရွာကြားတွင် အသက် လေးဆယ်ကျော်အရွယ် အလောင်း(၂)လောင်းတို့အား စကစလက်အောက်ခံပျူစောထီးများနှင့် စကစတပ်သားများက လာရောက်ပစ်ထားခဲ့သည်။ သေဆုံးသူများမှာ ကျေးရွာများမှ ရွာသားများ မဟုတ်နိုင်ကြောင်းနှင့်အလောင်းများနှင့်အတူ ကျောပိုးအိတ်များပါရှိ၍ ကျောပိုးအိတ်ထဲတွင်လည်း အဝတ်အထည်များမှာ သွေးများပေနေပြီး စစ်ကြောရေးတွင် နှိပ်စက်ခံထားရသော ဒဏ်ရာများနှင့် တွေ့ရှိခဲ့ရသည်။ဖက်တောနှင့်ဘုရားလှရွာကြားရှိ အလောင်းတစ်လောင်း၏လက်တွင် ဓားခုတ် ဒဏ်ရာပါရှိနေပြီး အသက်(၄၀)ကျော်အရွယ်များဟုသိရသည်။ အလောင်းများ၏ ရင်ဘတ်များ တွင်လည်း သေနတ်ဒဏ်ရာ(၂)ချက်စီဖြင့်တွေ့ရှိရပြီး အနံ့များလည်းထွက်နေသည်ဟုသိရသည်။
- မတ်(၁၁)ရက်နေ့မွန်းလွဲပိုင်းက ငါန်းဇွန်မြို့နယ်ရှိ NLD EC(အလုပ်အမှုဆောင်) ဘဏ္ဍာရေးမှူးဖြစ်သူ မခက်ခက်သူ၏ စားသောက်ဆိုင်အား စကစများမှ ချိပ်ပိတ်သွားခဲ့သည်။